ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၃၁-၈-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်ပခရီးစဉ်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဦးကွယ်ကွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ HCDP အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း စီမံကိန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ခရိုင်မြေစစ်ကော်မတီအစည်းအဝေးတက်ရောက်။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ရေဘေးကယ်ဆယ်ရေး။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ နိုင်ငံခြားခရီးစဉ်အတွက် Passport ကိစ္စဆောင်ရွက်ရန်။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ IPEAR ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်နှင့် ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၇)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ ဇီဇဝါ(မြောက်)လမ်းရှိ ဘုရားဝတ္တကမြေပေါ်တွင် ဆောက်လုပ်ထားသည့် အစိုးရမူလတန်းကျောင်း သစ်သားကျောင်းဆောင်ဟောင်းမှာ အန္တရာယ်ရှိနေသဖြင့် သံကူကွန်ကရစ် (၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးသည်မှာ (၂)နှစ်ကျော်ပြီဖြစ်သော်လည်း ၎င်းကျောင်းဆောင်ဟောင်းကို သက်ဆိုင်ရာမှ ဖျက်သိမ်းခွင့် မပြုသေးခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ ဇီဇဝါ(မြောက်)လမ်းရှိ ဘုရားဝတ္တကမြေပေါ်တွင်

ဆောက်လုပ်ထားသည့် အစိုးရမူလတန်းကျောင်း သစ်သားကျောင်းဆောင်ဟောင်းမှာ အန္တရာယ်ရှိနေသဖြင့် သံကူကွန်ကရစ် (၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးသည်မှာ (၂)နှစ်ကျော်ပြီဖြစ်သော်လည်း ၄င်းကျောင်းဆောင်ဟောင်းကို သက်ဆိုင်ရာမှ ဖျက်သိမ်းခွင့် မပြုသေးခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ ဇီဇဝါ(မြောက်)လမ်းရှိ ဘုရားဝတ္တကမြေပေါ်က အစိုးရမူလတန်းကျောင်း သစ်သားကျောင်းဆောင်ဟောင်းမှာ အန္တရာယ်ရှိနေသဖြင့် ထိုဝတ္တကမြေထဲတွင်ပင် သံကူကွန်ကရစ် (၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးခဲ့သည်မှာ (၂)နှစ်ကျော်ဖြစ်သော်လည်း အန္တရာယ်ရှိသည့် ကျောင်းဆောင်ဟောင်းအား သက်ဆိုင်ရာမှ ဖျက်သိမ်းခွင့် မပြုသေးခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ ဇီဇဝါ(မြောက်)လမ်း ဘုရားဝတ္တကမြေပေါ်ရှိ ဝတ်ပြုဓမ္မာရုံပေါ်မှာ ၁၉၅၀ ပြည့်နှစ်ခန့်ကစ၍ အစိုးရမူလတန်းကျောင်းကို ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီနောက် ၁၉၅၀ ပြည့်လွန်နှစ်များမှာ ကျောင်းသားဦးရေ တိုးတက်လာတာကြောင့်မို့လို့ ဘုရားဝတ္တကမြေပေါ်က ဓမ္မာရုံကလေးကိုဖျက်ပြီးတော့ ပြည်တော်သာစီမံကိန်းနဲ့ သစ်သားကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးခဲ့ပါတယ်။ မြင်သာနိုင်ရန် ကျွန်တော် Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။

Slide 1 မှာ မြင်နေရတာကတော့ ပြည်တော်သာစီမံကိန်းကာလက ဝတ္တကမြေမှာ ဆောက်လုပ်ခဲ့တဲ့ ကျောင်းဆောင်ဟောင်းကြီးရဲ့ အခြေအနေဖြစ်ပါတယ်။ Slide 2 မှာ မြင်နေရတာကတော့ ဝတ္တကမြေပေါ်က စေတီတော် အနောက်အရပ်ရှိ အသစ်ဆောက်လုပ်ထားတဲ့ RC နှစ်ထပ်ကျောင်းဆောင်ကို ဆရာ၊ ဆရာမများ၊ ကျောင်းသူ ကျောင်းသား မူလတန်းကလေးငယ်များ ဝင်ရောက်ရာ တစ်ခုတည်းသော လမ်းဖြစ်ပါတယ်။ အပေါ်က တစ်စုံတစ်ရာ ပြိုကျလာရင်၊ ပြုတ်ကျလာရင် အန္တရာယ်ရှိနိုင်တဲ့ အနေအထားပါ။ ဒီဟာကတော့ ဇီဇဝါလမ်းကို မျက်နှာမူထားတဲ့ စေတီတော်နဲ့ စေတီတော်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ပြည်တော်သာစီမံကိန်းကာလက ဆောက်လုပ်ခဲ့တဲ့ ကျောင်းဆောင်ရဲ့ မျက်နှာစာ ဖြစ်ပါတယ်။ Slide 4 မှာ မြင်ရတာကတော့ စေတီတော်ရဲ့ အနောက်ဘက် ဝတ္တကမြေပေါ်မှာပင် ကျိုက်ထီးရိုးတောင်တက်ကားအသင်းက ဆောက်လုပ်လှူဒါန်းခဲ့တဲ့ RC နှစ်ထပ်ကျောင်းဆောင်နဲ့ (၁)ထပ်ကျောင်းဆောင်များဖြစ်ပါတယ်။ Slide 5 မှာ မြင်ရတာကတော့ စေတီတော်ရဲ့ အနောက်ဘက်မှာရှိတဲ့ RC ကျောင်းဆောင်များနဲ့ စေတီတော်ရဲ့အရှေ့ဘက်မှာ လမ်းကိုမျက်နှာမူထားတဲ့ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းဖြစ်ပါတယ်။

Slide 1 ကို ပြန်ပြပေးပါ။ Slide 1 သစ်သားကျောင်းဆောင်ဟောင်းကြီး ဟောင်းနွမ်းဆွေးမြည့်ပြီးတော့ အန္တရာယ်ရှိလာလို့ မိဘဆရာအသင်းနှင့် ပညာရေးဌာနတို့ရဲ့ မေတ္တာရပ်ခံချက်အရ ဩဝါဒစရိယဆရာတော်ရဲ့ ခွင့်ပြုချက်နှင့်စေတီတော်ရဲ့ အနောက်ဘက် ဝတ္တကမြေပေါ်မှာ ကျိုက်ထီးရိုးတောင်တက်အသင်းက နှစ်ထပ်ကျောင်းဆောင် RC ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ Slide 2 ကို ပြပေးပါ။ ကျောင်းဆောင်ဟောင်းကြီးရဲ့ အနေအထားအရ အချိန်မရွေး ပြိုကျနိုင်ပါတယ်။ Slide 2 မှာမြင်ရတဲ့ အင်မတန်ကျဉ်းကျပ်တဲ့ နေရာကသာ ဝင်/ထွက်သွားလာနေကြရပါတယ်။ ဒါကြောင့် အန္တရာယ်ဖြစ်နိုင်တဲ့ ကျောင်းဆောင်ကို ဖျက်ဖို့ မြို့နယ်ပညာရေးဌာနကလည်း တာဝန်မခံ၊ ပြည်နယ်ပညာရေးမှူးကြီးကို တင်ပြတော့လည်း အဖြေမရတဲ့အတွက် အချိန်မရွေး အန္တရာယ်ဖြစ်နိုင်တာကိုသိလျက်နဲ့ အဲဒီကျောင်းဆောင်အောက်ကပဲ အဝင်/အထွက်လုပ်နေကြရပါတယ်။ ဝတ္တကမြေနှင့် ကပ်လျက်မှာရှိတဲ့ ဥယျာဉ်ကျောင်းဆရာတော်ကလည်း ဒီအန္တရာယ်ရှိ သစ်သားကျောင်းဆောင်ကို ဖျက်ပြီးတော့ ဝတ္တကမြေပေါ်မှာ ယခင်ကလို ဓမ္မာရုံငယ်လေးဆောက်လုပ်ဖို့ ဆန္ဒရှိတော်မူပါတယ်။ ဖျက်ခွင့်ရရေးကိုလည်း ခေါ်ပြီးတော့ အမိန့်ရှိပါတယ်။ ဒါကြောင့် အန္တရာယ်ရှိ သက်တမ်းလွန်ကျောင်းဆောင်ကို မည်သည့်အတွက် ဖျက်ခွင့်မပြုသေးကြောင်း သိရှိလို၍ ကျောင်းသားမိဘများ၊ မိဘဆရာ အသင်းနှင့် ဆရာတော်ရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်တော်သာစီမံကိန်းအရ ဝတ္တကမြေပေါ်တွင် ဆောက်ထားခဲ့သော အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်း မြင်ကွင်းပုံ (ယ)



နောက်ဘက်ရှိ ကျောင်းဆောင်သစ်သို့ အဝင်လမ်း ကျောင်းဆောင်ဟောင်း ခေါင်းရင်းပိုင်း မြင်ကွင်းပုံ (ယ-၁)



ပုဂ္ဂလိကမှ ဆောက်လုပ်လှူဒါန်းထားသော (၂)ထပ် RC ကျောင်းဆောင် မြင်ကွင်းပုံ (ယ-၂)



**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနှင့် ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၁။**

**သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ မွန်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ စပ်လျဉ်းပြီးမှ ကျွန်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ ဇီဇဝါ(မြောက်)လမ်း ဆုတောင်းပြည့် အောင်ချမ်းသာ ဘုရားဝတ္တကမြေပေါ်မှာရှိတဲ့ အစိုးရမူလတန်းလွန်ကျောင်း တည်ရှိရာမြေသည် ဘုရား ဝတ္တကမြေဖြစ်ပြီးတော့မှ ယခင်ပြည်တော်သာစီမံချက်အရ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် သစ်သားကျောင်း ကြီးတစ်ကျောင်း ဆောက်လုပ်ခဲ့ကြောင်း သိရပါတယ်။ အဆိုပါ ကော့စံနိုင်ရပ်ကွက်မှာရှိတဲ့ အစိုးရ မူလတန်းလွန်ကျောင်းတွင် ယခင်က ကျောင်းဆောင်လိုအပ်ချက်ကြောင့် ဖော်ပြပါ သစ်သားကျောင်း အဆောက်အအုံကို မူလတန်းကျောင်းဆောင်အဖြစ် ခေတ္တအသုံးပြုခဲ့ပြီးတော့မှ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျိုက်ထီးရိုးတောင်တက် ကားအသင်းမှာ မူလတန်းလွန်ကျောင်းဝင်းအတွင်း အလျားပေ(၉၀)၊ အနံပေ (၃၀)မှာရှိတဲ့ RC နှစ်ထပ်ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်း ပြီးစီးသွားသောကြောင့် ကျောင်းသား၊ ကျောင်းသူများလည်း ပြောင်းရွှေ့ပညာသင်ကြားလျက်ရှိကြောင်း သိရှိရပါတယ်။

ယခင် ဆောက်လုပ်ခဲ့တဲ့ သစ်သားကျောင်းဆောင်ဟောင်းနေရာတွင် အဆောက်အအုံဟောင်း ဖျက်သိမ်း၍ ရပ်ကွက်ဓမ္မာရုံ ဆောက်လုပ်လိုကြောင်း ကျိုက်ထိုမြို့ ဥယျာဉ်ကျောင်းတိုက်ဆရာတော်၊ လေသာကျောင်းတိုက်ဆရာတော်၊ ရပ်မိရပ်ဖများ ကျောင်းကော်မတီတို့က ကျောင်းဆောင်ဟောင်း ဖျက်သိမ်းခွင့်ကို မွန်ပြည်နယ် ပညာရေးမှူးရုံးသို့ တင်ပြတောင်းခံခဲ့သော်လည်း ခွင့်ပြုချက်မရရှိသဖြင့် ယနေ့အထိ ဖျက်သိမ်းနိုင်ခြင်း မရှိသေးကြောင်းနှင့် ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ ကျောင်းသား၊ ကျောင်းသူများအတွက်လည်း အန္တရာယ်ရှိတဲ့ အနေအထားဖြစ်ကြောင်းကို မြေပြင်မှာ တွေ့ရှိရပါတယ်။

သို့ပါ၍ အစိုးရမူလတန်းလွန်ကျောင်း ကျောင်းဆောင်အဖြစ် ခေတ္တအသုံးပြုခဲ့တဲ့ ဆုတောင်းပြည့် အောင်ချမ်းသာဘုရား ဝတ္တကမြေပေါ်မှာရှိတဲ့ အဆိုပါအန္တရာယ်ရှိ ကျောင်းဆောင် ဟောင်းအဆောက်အအုံကို ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်မှာရှိတဲ့ သံဃအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ ကျောင်းကော်မတီတို့ရဲ့ သဘောတူညီမှုဖြင့် သက်ဆိုင်ရာသို့ တင်ပြခွင့်ပြုချက်ရယူကာ မွန်ပြည်နယ် အစိုးရအဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း ဝန်ကြီး ဌာနအနေနဲ့ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများ ဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်း လုံလောက်မှု မရှိသောကြောင့် အန္တရာယ်ရှိ အဆောက်အအုံများကို အမြန်ဆုံး ဖျက်သိမ်းပြီး (၁၄၀ x ၃၀ x ၂၄)ပေ RC (၂)ထပ် ကျောင်းဆောင်သစ်အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး က စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် စာသင်ခန်း လုံလောက်မှုမရှိသောကြောင့် အန္တရာယ်ရှိ အဆောက်အအုံများကို အမြန်ဆုံး ဖျက်သိမ်းပြီး (၁၄၀ x ၃၀ x ၂၄)ပေ RC (၂)ထပ် ကျောင်းဆောင်သစ်အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးခွန်းမှာပါတဲ့ ရွှေဘိုမြို့ အထက(၅) အထက်တန်းကျောင်းဟာ ယခင်က လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ကတော့ မူလတန်းကျောင်းလေးအဖြစ် တည်ရှိခဲ့ပါတယ်။ ခေတ်ဆက်ဆက် တာဝန်ယူခဲ့တဲ့ ကျောင်းအုပ်တွေ၊ ကျောင်းဆရာ၊ ဆရာမတွေနဲ့ ရပ်ကွက်နေ ပြည်သူလူထုရဲ့ အားထုတ်မှု ကြောင့် ကျောင်းသားဦးရေ တစ်ဆထက်တစ်ဆ များပြားလာပြီးတော့ ဒီနေ့အချိန်မှာတော့ အထက်တန်း ကျောင်းအဖြစ် ရပ်တည်လျက်ရှိပါတယ်။ ဒီနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာဆိုလို့ရှိရင် ကျောင်းသား ဦးရေ ဘယ်လောက်ထိများပြားလာလဲဆိုရင် ဦးရေစုစုပေါင်း (၂၁၁၂)ဦးအထိ ရှိခဲ့ပါတယ်။ အဲဒီလို များပြားလှတဲ့ ကျောင်းသားတွေအတွက် ပညာသင်ကြားဖို့ အဆောက်အအုံတွေကိုတော့ လွန်ခဲ့တဲ့ ၁၉၆၀ ပတ်ဝန်းကျင်က တည်ဆောက်ခဲ့တဲ့ ကျောင်းဆောင်အဟောင်းတွေကို ပြုပြင်ပြီးတော့ ကျောင်းသားတွေ စာသင်ဖို့ ဆရာ၊ ဆရာမတွေနဲ့ ရပ်မိရပ်ဖတွေ၊ ကျောင်းသားမိဘတွေ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြပါတယ်။

ဒါပေမဲ့လို့ စာသင်ခန်း လုံလောက်မှုမရှိပါဘူး။ နဝမတန်းမှာဆိုလို့ရှိရင် တစ်ခန်းတစ်ခန်းကို ကျောင်းသား(၉၅)ယောက်လောက်ထိအောင် ကျွန်တော်တို့ သင်ကြားနေရပါတယ်။ နွေရာသီမှာ အင်မတန် လူဦးရေများတဲ့အတွက် ပူအိုက်ပြီးတော့ ကျောင်းသားတွေရဲ့ ကျန်းမာရေး များစွာ ထိခိုက် တာမျိုးတွေလည်း ရှိခဲ့ပါတယ်။ သတ္တမတန်းမှာလည်း တစ်ခန်းကို ကျောင်းသားဦးရေ (၈၀)၊ (၈၅) ယောက် ဒီလိုသင်ကြားနေရပါတယ်။ စာသင်ခန်းအားလုံး (၃၅)ခန်းရှိတဲ့ ကျောင်းသားဦးရေ ဟာလည်း (၂၁၁၂ )ဦးရှိတော့ ပျမ်းမျှအားဖြင့် စာသင်ခန်းတစ်ခန်းကို ကျောင်းသားဦးရေ (၆၀)လောက်ထိ သင်ကြားနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖျက်သိမ်းပြီးတော့ ကျောင်းဆောင်အဟောင်းတွေကို ပြုပြင်ထားတဲ့ ကျောင်းတွေကလည်း အန္တရာယ်ရှိသလို ဥပမိရုပ်လည်း မကောင်းလှပါဘူး။ ပညာရေး ဝန်ကြီးဌာနရဲ့ သတ်မှတ်ထားတဲ့စံနဲ့ နှိုင်းဆမယ်ဆိုလို့ရှိရင် စာသင်ခန်းလုံလောက်မှုမရှိတာ၊ ဥပမိရုပ် မကောင်းတာ အန္တရာယ်ရှိအဆောက်အအုံတွေ ဖြစ်နေတဲ့အတွက် သတ်မှတ်ချက်နဲ့လည်း ကိုက်ညီ ပါတယ်။ လက်ရှိကျောင်းအုပ်နှင့် ကျောင်းဆရာ၊ ဆရာမတွေရဲ့ ပညာရေးအပေါ်မှာ စိတ်ဝင်တစားနှင့် ပညာသင်ကြားမှု၊ ကျောင်းသားမိဘတွေရဲ့ အားထုတ်မှုနဲ့ ဒီကျောင်းဟာ နာမည်ကောင်းရသလို နောင်လည်း အောင်ချက်တွေများစွာနဲ့ အောင်မြင်ဖို့ ရည်မှန်းထားတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆရာ၊ ဆရာမတွေရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုခြင်းသော်လည်းကောင်း၊ ကျောင်းသားမိဘတွေရဲ့ ပါဝင်ပတ်သက်မှုကို အသိအမှတ်ပြုခြင်းသော်လည်းကောင်း ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ချင်းပြည်နယ်၊ ဟားခါးခရိုင် ပညာရေးမှူးရုံး၏ အရာထမ်းများ၊ အမှုထမ်းများအတွက် မရှိမဖြစ် လိုအပ်သောအဆောက်အအုံများ၊ ပရိဘောဂများ၊ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်နိုင်ရန် ရုံးသုံးကားနှင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်မှ အရာထမ်းများ၊ အမှုထမ်းများနည်းတူ ခံစားခွင့်များ၊ ရပိုင်ခွင့်များ လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး က ချင်းပြည်နယ်၊ ဟားခါးခရိုင် ပညာရေးမှူးရုံး၏ အရာထမ်းများ၊ အမှုထမ်းများအတွက် မရှိမဖြစ်လိုအပ် သော အဆောက်အအုံများ၊ ပရိဘောဂများ၊ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်နိုင်ရန် ရုံးသုံးကားနှင့် အခြား သောတိုင်းဒေသကြီးများနှင့် ပြည်နယ်မှ အရာထမ်းများ၊ အမှုထမ်းများနည်းတူ ခံစားခွင့်များ၊ ရပိုင်ခွင့်များ လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်က တော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ဟေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်မေးရမှာက ဟားခါးခရိုင် ပညာရေးမှူးရဲ့ လိုအပ်ချက်များဖြစ် ပါတယ်။ အကျိုးအကြောင်းကို ပြောရမယ်ဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက်များ ပြန်ကြည့်တော့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ဒုတိယ စွဲပြီးတော့ ၂၀၁၇-၂၀၁၈ မှာ ၂၀၁၆-၂၀၁၇ က ပထမရတဲ့ ကျွန်တော်တို့ရဲ့ ညီအစ်ကို ရခိုင်ပြည်နယ်ကို ကျော်လွှားပြီးတော့ ပထမရပါတယ်ခင်ဗျား။

ဒီလိုနဲ့ပဲ နှစ်စဉ်နှစ်တိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုကြားထဲမှာ ပထမရလိုက်၊ ဒုတိယရလိုက်နဲ့ပဲ လုံးပန်းနေရပါတယ်။ ဒါပေမဲ့ ဂုဏ်ယူစရာဆိုရင် တစ်ပြားမှ မရှိပါဘူးခင်ဗျား။ စဉ်းစားမိတာက ချင်းလူမျိုးတွေ ဒါမှမဟုတ်ရင် ချင်းကျောင်းသူ၊ ကျောင်းသားများဟာ စာမှာ တော်တော်လေးပင် ညံ့သလားဆိုတာကိုပဲ ကျွန်တော်တို့ မေးခွန်းထုတ်နေရပါတယ်။ ဒါပေမဲ့ ချင်းပြည်နယ် ပြင်ပက ချင်း ကျောင်းသူ၊ ကျောင်းသားများ ဘာသာစုံဂုဏ်ထူးရှင် ဂုဏ်ထူးတွေနဲ့ ရကြတဲ့၊ အောင်ကြတဲ့

ကျောင်းသူ၊ ကျောင်းသားများ အများကြီးရှိခဲ့ပါတယ်။ နိုင်ငံခြား Level နဲ့ ပြောရင်လည်း ကျွန်တော်တို့ ချင်းလူမျိုးတွေလည်း သိပ်မညံ့ကြပါ။ အဓိက ပြဿနာရှာတော့ ကျွန်တော်ကို ခေတ်ပြားဟောင်း ဖွင့်တယ်လို့ပြောရင်လည်း ကျွန်တော်ခံရမှာပဲ။ ဒီ အောက်ပါအချက်ကလေးတွေ ဖြစ်ပါတယ်။ (၁) မိခင်ဘာသာစကားဖြင့် ကျောင်းစာများ မသင်ကြားခြင်း။ (၂) ကျောင်းအဆင့် +++++++

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး ကိုယ်စားလှယ်ကြီး၊ မေးခွန်းက ပညာရေး မူလွန်အရာထမ်း အတွက် လိုအပ်တဲ့အဆောက်အအုံတွေကိုတောင်းတာ၊ အဲဒါဘယ်လိုဖြစ်လို့ မဆိုင်တာတွေ၊ လိုရင်းပဲ မေးပါ ပြောမယ် ကိုယ်စားလှယ်ကြီးမေးခွန်းကို။

**ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ ကျောင်းသူ၊ ကျောင်းသားများရဲ့ ဒီ အရည်အချင်းတွေ၊ မြှင့်တင်မယ့် ဆရာ၊ ဆရာမတွေကို အနီးကပ်ကြည့်ရှုဖို့ ဒီ ရုံးထိုင်တွေ၊ မြို့နယ်အဆင့်ပဲ ဖြစ်ဖြစ်၊ ခရိုင်အဆင့်ပဲ ဖြစ်ဖြစ်၊ ဒီ ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်တွေ၊ နောက်ပြီးတော့ အားငယ်မှုတွေ၊ ဒီ အရည်အသွေးတွေဖြစ်ဖို့ ကျွန်တော်မေးရခြင်း ဖြစ်ပါတယ်။ ဥပမာ ပြောရမယ်ဆိုရင်၊ သေးသေးလေးရှိပေမယ့်လည်း စိတ်မကောင်းတာ ဝတ်စုံကိစ္စပါ။ ကျန်တဲ့ ပညာရေးဝန်ထမ်းတွေက ဆရာ၊ ဆရာမတွေ ဝတ်စုံရကြတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ဒါပေမဲ့လည်း ဟားခါးခရိုင်ပညာရေး ဝန်ထမ်းတွေက မရကြပါ။ မနှစ်က နည်းနည်းတော့ရတယ်လို့ ကျွန်တော် ကြားသိရပါတယ်။ ဒါပေမဲ့ အဲဒါဘာလဲဆိုရင် ဖလမ်းခရိုင်က အပိုတွေကို သူတို့ရရှိတာ ဖြစ်တယ်။ ဒီနှစ်လည်း မရပါဘူးလို့ သူတို့သိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ချင်းပြည်နယ် ပညာရေးမြှင့်တင်ဖို့ အောက်ဆုံးအဆင့်ကနေ နည်းနည်း အောင်ချက်တွေ ကောင်းလာဖို့ဆိုရင် ကျောင်းသူ၊ ကျောင်းသားများကို လက်တွေ့သင်ပေးနေတဲ့ ဆရာ၊ ဆရာမတွေကို အနီးကပ်ကြည့်ရှုဖို့ သင့်တော်တဲ့ ဝန်ထမ်းအင်အား၊ အဆောက်အအုံ၊ အဆောင်အယောင် ဆိုတာတော့ +++++

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် သင့်တော်တဲ့ဝန်ထမ်းအင်အားများ၊ အဆောက်အအုံများ၊ အဆောင်အယောင်များဆိုတာ ကြီးကြီးမားမား မဟုတ်ပါဘူး။ ဒီ ကားတို့၊ နောက်ပြီးတော့ ဒီဝတ်စုံတို့ ကိစ္စတွေရှိပါတယ်။ အဲဒါတွေကို ရရှိဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနကို လေးစားစွာ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းပြ ဆရာ/ဆရာမများကို အလယ်တန်းပြ - ၁ (လယ်-၁)၊ အလယ်တန်းပြ - ၂ (လယ်-၂)ဆိုပြီး ခွဲခြားသတ်မှတ်နေခြင်းအား တစ်ပြေးညီသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂**။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းပြ ဆရာ/ဆရာမများကို အလယ်တန်းပြ - ၁(လယ် - ၁)၊ အလယ်တန်းပြ - ၂ (လယ်-၂)ဆိုပြီး ခွဲခြားသတ်မှတ်နေခြင်းအား တစ်ပြေးညီသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကချင်ပြည်နယ် ပညာရေးဝန်ထမ်းများဖြစ်ကြတဲ့ အခြေခံပညာဦးစီးဌာန အောက်မှာရှိတဲ့ အလယ်တန်းပြ ဆရာ၊ ဆရာမများကို အလယ်တန်းပြ(၁)၊ အလယ်တန်းပြ(၂)ဆိုပြီးတော့မှ ခွဲခြားသတ်မှတ်နေခြင်းကို တစ်ပြေးညီသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်းနဲ့ အခြေခံပညာအလယ်တန်းကျောင်းများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းများဖြစ်ကြတဲ့ အလယ်တန်းပြ ဆရာ၊ ဆရာမများဟာ အလယ်တန်းပြသင်တန်းကို အောင်မြင်ပြီးဖြစ်ကြသလို အလယ်တန်းပြရာထူးကိုပါ ရပြီးထားသူများ ဖြစ်ကြတဲ့အပြင် အလယ်တန်းပြလစာကိုပါ ခံစားနေကြသူများ ဖြစ်ကြပါတယ်။ အဲဒီလို အလယ်တန်းပြ ဆရာ၊ ဆရာမများကို အလယ်တန်းပြ(၁)၊ အလယ်တန်းပြ(၂)ဟု ခွဲခြားသတ်မှတ်ခံနေရကြောင်း ဒေသခံဆရာ၊ ဆရာမများရဲ့ တင်ပြချက်အရ သိရှိရတဲ့အပြင် အဲဒီလို သွေးခွဲသတ်မှတ်နေခြင်းဟာလည်း ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ရှိပြီးတော့မှ အခြားပြည်နယ်၊ တိုင်းဒေသကြီးမှာ မရှိဘူးလို့လည်း ဒေသခံဆရာ၊ ဆရာမများ၏ တင်ပြချက်အရ သိရှိရပါတယ်။

အလယ်တန်းပြ(၂)ဆိုတဲ့ ရာထူးဟာ အခြေခံပညာဦးစီးဌာနက သတ်မှတ်ပေးတဲ့ ရာထူးမဟုတ်သည့်အပြင် ထိုရာထူးမှာရှိတဲ့ ဆရာ၊ ဆရာမများမှာ အလယ်တန်းပြရာထူးနဲ့ မူလတန်းပြတာဝန်ဟု သက်ဆိုင်ရာ အကြီးအကဲများက သတ်မှတ်ပေးကြကြောင်း သိရှိရပါတယ်။ အလယ်တန်းပြ(၁)နှင့် အလယ်တန်းပြ(၂) ဆရာ၊ ဆရာမ ဝန်ထမ်းများဟာ အလယ်တန်းပြလစာကို တန်းတူခံစားနေကြရသူများဖြစ်ပါလျက် သင်တန်းတက်မယ်ဆိုလို့ရှိရင် အလယ်တန်းပြ ဆရာ၊ ဆရာမများက မူလတန်းပြသင်တန်းကို တက်စရာမလိုဘဲနဲ့ အလယ်တန်းပြ ဆရာ၊ ဆရာမများကသာလျှင် အလယ်တန်းပြသင်တန်းရော၊ မူလတန်းပြသင်တန်းပါ နှစ်ခုစလုံးတက်နေရကြောင်း သိရှိရပါတယ်။ အလယ်တန်းပြ(၁) ဆရာ၊ ဆရာမ ဖြစ်လိုပါက အလယ်တန်းပြ(၂) ဆရာ၊ ဆရာမများအနေဖြင့် ရာထူးတိုးလျှောက်ထားရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ လူကြီးများနှုတ်မိန့်ဖြင့် အဲဒီလိုနှိမ်ချပြောဆိုတာကိုလည်း တစ်ဖက်သတ်ခံနေရကြောင်း သိရှိရပါတယ်။

သက်ဆိုင်ရာ အထက်လူကြီးများက တက္ကသိုလ်ဝင်တန်းစာမေးပွဲ အခန်းစောင့်တာဝန်ပေးချိန်တွင်လည်းကောင်း၊ နောက်အဌမတန်းစာစစ် တာဝန်ပေးချိန်တွင်လည်းကောင်း၊ အထက်ပါ အလယ်တန်းပြ(၂)လို့ သတ်မှတ်ခံထားရတဲ့ ဆရာ၊ ဆရာမများကို အလယ်တန်းပြ(၁)ဆိုပြီးမှ တာဝန်ပြောင်းခိုင်းစေကြောင်း၊ လိုအပ်လို့ရှိလျှင်လည်း အလယ်တန်းပြ(၁)ဟု ခေါ်သုံးပြီးမှ မလိုအပ်လို့ရှိရင် အလယ်တန်းပြ(၂)ဆိုပြီးမှ ခွဲခြားသတ်မှတ်ခံနေရကြောင်း သိရှိရပါတယ်။ အကယ်၍ အလယ်တန်းပြနေရာမှာ

တာဝန်ပေးမယ်ဆိုလို့ရှိရင် အလယ်တန်းပြနဲ့ သက်ဆိုင်တဲ့သင်တန်းကိုသာ တက်ခိုင်းသင့်ပြီးတော့မှ မူလတန်းပြတာဝန်ပေးပါက မူလတန်းပြနဲ့သက်ဆိုင်တဲ့တာဝန်များကို ခိုင်းစေသင့်ကြောင်း၊ ယခုအခါမှာ အလယ်တန်းပြ(၂)ဟု သတ်မှတ်ခံထားရတဲ့ ဆရာ၊ ဆရာမများဟာဆိုရင် အလယ်တန်းနဲ့ မူလတန်း နှစ်ခုစလုံးကို လိုရင်လိုသလို၊ မလိုရင်မလိုသလို အသုံးချခံရကြောင်း သိရှိရပါတယ်။

ကျွန်တော်တို့ မိုးညှင်းခရိုင် တစ်ခုတည်းမှာပင် အလယ်တန်းပြ(၂)ဟု သတ်မှတ်ခံထားရတဲ့ ဆရာ၊ ဆရာမများဟာ (၇၂၆)ဦးရှိပြီးတော့မှ အလယ်တန်းပြရာထူးနှင့် လစာခံစားခွင့်ခြင်းတူပါသော်လည်း ဝန်ထမ်းအချင်းချင်း သွေးခွဲသတ်မှတ်နေခြင်းမှာ လုံးဝမဖြစ်သင့်ကြောင်း တွေ့ရှိရပါတယ်။ အလယ်တန်းပြ(၁)နှင့် အလယ်တန်းပြ(၂)မှာ အလယ်တန်းပြရာထူး လုပ်သက်နှင့်မဆိုင်ဘဲနဲ့ သက်ဆိုင်ရာကျောင်းအကြီးအကဲများရဲ့ သတ်မှတ်ပုံစံနှင့်သာ သက်ဆိုင်ကြောင်း တွေ့ရှိရပါတယ်။ အလယ်တန်းပြ(၁) ဆရာ၊ ဆရာမများမှာ အလယ်တန်းပြ(၂) ဆရာ၊ ဆရာမများထက် လုပ်သက်နည်းနေသည့်အပြင် တချို့ ဆရာ၊ ဆရာမများဟာ အလယ်တန်းပြ(၂)ဘဝနှင့်ပင် ပင်စင်ယူခါနီးဘဝ ပုဂ္ဂိုလ်များလည်း ရှိနေကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ အလယ်တန်းပြ ဆရာ၊ ဆရာမများကို အဲဒီလို (၁)၊ (၂)ဆိုပြီးမှ ခွဲခြားသွေးခွဲသတ်မှတ်နေခြင်းကို တစ်ပြေးညီ သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာခံစားနေရတဲ့ အလယ်တန်းပြ(၂) ဆရာ၊ ဆရာမများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တွီကင်းဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဆောင်ဟောင်းအား (၁၂၀ x ၃၀) ပေ အုတ်ညှပ် တစ်ထပ် အသစ်တစ်ဆောင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တွီကင်းဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဆောင်ဟောင်းအား (၁၂၀ x ၃၀)ပေ အုတ်ညှပ်တစ်ထပ်အသစ်တစ်ဆောင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် လူ့စွမ်းအား အရင်းအမြစ်ဖြစ်သော ပညာရေး၏အခန်းကဏ္ဍက အင်မတန်အရေးကြီးပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးစနစ်ကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းနေသော အချိန်ကာလလည်း ဖြစ်ပါတယ်။

ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်သော ပလက်ဝမြို့နယ်၊ တီွကင်းဝကျေးရွာသည် အိမ်ခြေ(၁၇၉)ဆောင်ခန့် ရှိပြီး အလယ်တန်းကျောင်းနှင့် ကျန်းမာရေးဌာန(ခွဲ)ရှိသော ကျေးရွာဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ်တွင် စတင်၍ အစိုးရမူလတန်းကျောင်း ရရှိခဲ့ပြီး ကိုယ်ထူကိုယ်ထကျောင်းဆောင် ဆောက်လုပ်ခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်တွင် စာသင်ခန်း မလုံလောက်၍ အလျား(၄၈)ပေ၊ အနံ(၂၄)ပေ(၂)ခန်းတွဲ ဆောက်လုပ် ဖြည့်တင်းပါတယ်။ ၂၀၁၁ ခုနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေဖြင့် (၃၇၀၀၀၀)ကျပ်နဲ့ ရွာသားများလုပ်အားထည့်ဝင်ပြီး (၄၈ x ၂၄)ပေ နှစ်ထပ်ကျောင်းဆောင်ကို ဆောက်လုပ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်တွင် အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ တီွကင်းဝကျေးရွာ အလယ်တန်း ကျောင်းတွင် ဆရာ၊ ဆရာမအင်အား(၈)ဦးရှိပြီး၊ ကျောင်းသူ၊ ကျောင်းသားဦးရေ(၃၀၀)ခန့် ရှိပါတယ်။ စာသင်ဆောင်(၃)ဆောင်ရှိပြီး အဆောက်အအုံမှာ ဟောင်းနွမ်းလျက်ရှိပါတယ်။ (၂)ခန်းတွဲအဆောင်မှာ ကြံ့ခိုင်မှုမရှိတော့ပါ။ ဆွေးမြည့်နေသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို Power Point ဖြင့် တင်ပြခွင့်ပြုရန် ခွင့်တောင်းခံအပ် ပါတယ်ခင်ဗျား။ တီွကင်းဝ အခြေခံပညာအလယ်တန်းကျောင်းဝင်း ဖြစ်ပါတယ်။ ဒါက သက်တမ်းရင့် ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါက ၂၀၁၁ ခုနှစ် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေ (၃၇၀၀၀၀) ကျပ်ဖြင့် ရွာသားများစုပေါင်း၍ အောက်ထပ်ပြုပြင်နေတဲ့ ပင်မဆောင်ဖြစ်ပါတယ်။ ဒါက ပင်မဆောင်ရဲ့ အနောက်ဘက်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသူ၊ ကျောင်းသားများ ကျန်းမာပျော်ရွှင် လုံခြုံစွာ ပညာသင်ကြားနိုင်ရေး၊ စာသင်ခန်းများ လုံလောက်စွာ ရရှိရေးအတွက် သော်လည်းကောင်း၊ ပညာရေး ကို ထောက်ရှုသောအားဖြင့် အုတ်ညှပ်ကျောင်းဆောင်တစ်ခု ဆောက်လုပ်ပေးရန် လိုအပ်နေပါတယ်။ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာလည်း အသင့်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဝေးလံခေါင်သီ သော ဒေသနေ တိုင်းရင်းသားကလေးများအတွက် မဖြစ်မနေ တည်ဆောက်ပေးရန် ကျွန်တော်ရဲ့ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တီွကင်းဝကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းဆောင်ဟောင်းအား (၁၂၀ x ၃၀)ပေ အုတ်ညှပ်တစ်ထပ် တစ်ဆောင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာ ရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

တီွကင်းဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း မြင်ကွင်းပုံ (ရ)



သက်တမ်းရင့်ကျောင်းဆောင်(၂)ဆောင် မြင်ကွင်းပုံ (ရ-၁)



၂၀၁၁ ခုနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေ(၃၇၀၀၀၀)ကျပ်နှင့် ရွာသားများစုပေါင်း၍ ဆောက်လုပ်ထားသော ကျောင်းဆောင် မြင်ကွင်းပုံ (ရ-၂)



**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်မျိုး

၏ မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်း လုံလောက်မှုမရှိသောကြောင့် အန္တရာယ်ရှိ အဆောက်အအုံများကို အမြန်ဆုံးဖျက်သိမ်းပြီး (၁၄၀ x ၃၀ x ၂၄)ပေ RC(၂)ထပ် ကျောင်းဆောင်သစ်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ရွှေဘိုမြို့နယ်အတွက် ၂၀၁၈ ခုနှစ်(၆)လဘတ်ဂျက် ငွေလုံးငွေရင်းခေါင်းစဉ်တွင် အခြေခံပညာကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း (၂၃)ခုကို (၂၅%)၊ (၅၀%) စတင်လျာထားပြီး ကျန်လုပ်ငန်းများအားလုံးကို ၂၀၁၈ ခုနှစ်၊ (၁)နှစ်ဘတ်ဂျက်မှာ ထပ်မံလျာထားဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီလိုလျာထားရာမှာ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ရွှေဘိုမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှာ (၆၀ x ၃၀)ပေ Steel Structure တစ်ထပ်ဆောင် အသစ်တစ်ခုလည်းလျာထားပေးပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှာ ပညာဆောင်(၉၆ x ၂၄)ပေ သွပ်မိုး၊ ကပ်ကာ တစ်ထပ်ဆောင်(၁)ဆောင်၊ ချမ်းသာဆောင် (၈၁ x ၂၄)ပေ သွပ်မိုး၊ ကပ်ကာ တစ်ထပ်ဆောင်(၁)ဆောင်၊ စည်သာဆောင် (၁၂၀ x ၂၄)ပေ သွပ်မိုး၊ ကပ်ကာ၊ တစ်ထပ်ဆောင်(၁)ဆောင်၊ ဒီပါဆောင်(၉၆ x ၂၄)ပေ သွပ်မိုး၊ ကပ်ကာ တစ်ထပ်ဆောင်(၁)ဆောင်၊ ရာဇာဆောင် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ ပါရမီဆောင် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်(၁)ဆောင်၊ ဇေယျာဆောင် (၂၀၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်(၁)ဆောင် စသည်ဖြင့် စုစုပေါင်း ကျောင်းဆောင် (၇)ဆောင်ရှိပြီး၊ ၎င်းကျောင်းဆောင်များနှင့် ပညာဆောင် (၉၆ x ၂၄)ပေ သွပ်မိုး၊ ကပ်ကာ တစ်ထပ်ဆောင်နှင့် ချမ်းသာဆောင် (၈၁ x ၂၄)ပေ သွပ်မိုး၊ ကပ်ကာ တစ်ထပ်ဆောင်(၁)ဆောင်တို့ကတော့ အန္တရာယ်ရှိကျောင်းဆောင်များ မဟုတ်ဘဲနှင့် ဥပဓိရုပ်မကောင်းတဲ့ ကျောင်းဆောင်များသာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒီ ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ကျောင်းသူ၊ ကျောင်းသားပေါင်း (၂၁၁၂)ဦးတက်နေတဲ့ကျောင်းကို ကျောင်းဆောင်သစ် ယခုနှစ် ဆောက်လုပ်ရန်အတွက်ကတော့ လုပ်ငန်းသစ်ဖြစ်နေသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါဘူး။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရောက်ရှိရင်တော့ ရရှိတဲ့ ငွေလုံးငွေရင်း ရန်ပုံငွေ အခြေအနေအပေါ် မူတည်ပြီး ဦးစားပေး လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးငွန်ပေး ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့ရှိ ခရိုင်ပညာရေးမှူးရုံး၏ အရာထမ်း၊ အမှုထမ်းများအတွက် မရှိမဖြစ်လိုအပ်သော အဆောက်အအုံများ၊

ပရိဘောဂများ၊ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်နိုင်ရန် ရုံးသုံးကားနှင့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ အရာထမ်း၊ အမှုထမ်းများနည်းတူ ခံစားခွင့်များ၊ ရပိုင်ခွင့်များ လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ချင်းပြည်နယ်၏ ပညာရေးမြှင့်တင်နိုင်ရန်အတွက် ဟားခါးခရိုင်ပညာရေးမှူးရုံးရဲ့ ဖွဲ့စည်းပုံကို ချဲ့ထွင်ပြီး ပြင်ဆင်ဖွဲ့စည်းဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ ဒီပြင်ဆင်ဖွဲ့စည်းမည့် ခရိုင်ဖွဲ့စည်းပုံအသစ်ရတာနဲ့ လိုက်လျောညီထွေတဲ့ အဆောက်အအုံများ၊ ပရိဘောဂများ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်ကိုယ်စားလှယ်တော်ကြီး အထူးတင်ပြထားတဲ့ ဒီခရိုင်ပညာရေးမှူးအတွက် မော်တော်ယာဉ်တင်ပြတောင်းခံမှုအားလည်း ခရိုင်ပညာရေးမှူးအဆင့်နှင့်လျော်ညီသည့် မော်တော်ယာဉ်အား ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြတောင်းခံ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ကချင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းဆွေနိုင် ရဲ့ မေးခွန်းဖြစ်သော ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းပြ ဆရာ၊ ဆရာမများကို အလယ်တန်းပြ(၁)(လယ် - ၁)နှင့် အလယ်တန်းပြ(၂) (လယ်-၂)ဆိုပြီး ခွဲခြားသတ်မှတ်နေခြင်းအား တစ်ပြေးညီသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ မူလတန်းပြ ဆရာ၊ ဆရာမ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၁၉၈၃ ခုနှစ်ကစပြီး မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘွဲ့ရရှိသူများအား အလယ်တန်းပြရာထူးနှင့် အထက်တန်းပြ လစာကိုပေးပြီး မူလတန်းပြ လိုအပ်သောနေရာများမှာ စတင်ခန့်ထားပါတယ်။ ထိုသို့ခန့်ထားရာမှာ အထူးအားဖြင့် ဝေးလံတဲ့ဒေသတွေကို ဦးစားပေးပြီး ဖြည့်ဆည်းပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့နေဘွဲ့ရလူငယ်အများစုသည် တောင်ပေါ်ဒေသများတွင် အလယ်တန်းပြရာထူး၊ အလယ်တန်းပြလစာနှုန်းဖြင့် မူလတန်းပြတာဝန်ကို ထမ်းဆောင်ခဲ့ရသဖြင့် ထိုရာထူးအဆင့်အား အလယ်တန်းပြ(မူလတန်းပြတာဝန်)ဟု ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းဖြစ်ပါတယ်။

သို့သော် ဘွဲ့ရဆရာ၊ ဆရာမများဖြစ်သည့်အတွက် သက်ဆိုင်ရာ ဆရာဖြစ်သင်တန်းပြီးမြောက်ပါက အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များတွင်လည်း လိုအပ်ပါက အစားထိုးသင်ကြားစေမှုများလည်းရှိခဲ့ပါတယ်။ သို့သော် ရာထူးနှင့်လစာမှာ အလယ်တန်းပြရာထူးနှင့် အလယ်တန်းပြလစာ၊ ယခု (လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) အတူတူသာဖြစ်ပါတယ်။ သက်ဆိုင်ရာဘာသာရပ် ဘွဲ့တစ်ခုရရှိ၍ အလယ်တန်းပြဆရာအဖြစ် သင်တန်းပြီးသူ သို့မဟုတ် B.Ed ဘွဲ့ရသူ သို့မဟုတ် မဟာဘွဲ့ရသူ သို့မဟုတ် ပါရဂူဘွဲ့ရသူတိုင်းဟာ မူလတန်းပြမှ အလယ်တန်းပြသို့ ရာထူးတိုးလျှောက် ထားနိုင်ပြီး အလယ်တန်းပြ(၂)ဟုခေါ်သော အလယ်တန်းပြ(မူလတန်းပြတာဝန်)နှင့်

အလယ်တန်းပြ(၁)ဟုခေါ်သော အလယ်တန်းပြ ဆရာ၊ ဆရာမများသည် ရာထူးအဆင့်အတူတူပင် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့သော် မူလတန်းကျောင်းများမှာ မူလတန်းပြဆရာ လိုအပ်ချက်ရှိပါက အလယ်တန်းပြ(၁) ဖြစ်စေ၊ အလယ်တန်းပြ(၂) ဖြစ်စေ၊ ကျောင်းအုပ်ကြီးဖြစ်စေ၊ အထက်တန်းပြဖြစ်စေ လုပ်ငန်းသဘာဝ အရ တာဝန်ထမ်းဆောင်ရန်လိုအပ်ပါက မူလတန်းအဆင့်တွင် သင်ကြားပြသပေးရန် တာဝန်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အလယ်တန်းပြရာထူးများတွင် အလယ်တန်းပြ(၁)၊ အလယ်တန်းပြ(၂) ဟု ခန့်ထား ခြင်းသည် ကချင်ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ကချင်ပြည်နယ် တစ်ခုအတွင်းသာလျှင် ခန့်ထားဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးတွင်လည်း အလားတူ ခန့်အပ်တာဝန်ပေးခြင်းဖြစ် ပါကြောင်း တင်ပြအပ်ပါတယ်။

ယခုအခါ ကျွန်တော်တို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပညာရှင်အဆင့်(၁) (မူလတန်းပြ)၊ ပညာရှင်အဆင့်(၂)(မူလတန်းပြ၊ အလယ်တန်းပြ)၊ ပညာရှင်အဆင့်(၃) (မူလတန်း ကျောင်းအုပ်၊ အလယ်တန်းပြ၊ အထက်တန်းပြ) စသည်ဖြင့် ပြင်ဆင်သတ်မှတ်နိုင်ရေးကိုလည်း စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆရာ၊ ဆရာမများရဲ့ ပညာအရည်အချင်းနှင့် ဆန္ဒ၊ သူတို့ရဲ့တင်ပြချက် လိုအပ်ချက်တွေကို အားပေးမြှင့်တင် ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် ကိုယ်စားလှယ်တော်ကြီးမေး ထားသည့် အလယ်တန်းပြ(၁) နှင့် အလယ်တန်းပြ(၂) တို့သည် အဆင့်တူ၊ ရာထူးတူ၊ လစာနှုန်းတူ ရာထူးများသာ ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဇေ့တင်း ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တွီကင်းဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဆောင်ဟောင်းအား (၁၂၀ x ၃၀)ပေ အုတ်ညှပ် တစ်ထပ်အသစ် (၁)ဆောင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွက် ၂၀၁၈ ခုနှစ် (၆)လဘတ်ဂျက်တွင် ငွေလုံးငွေရင်း ခေါင်းစဉ်အောက်၌ အခြေခံပညာကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း လုပ်ငန်း(၂၃)ခုကို လျာထားခဲ့ပြီး ဖြစ်ပါတယ်။ ဒီ(၆)လဘတ်ဂျက်မှာ (၁၅%)၊ (၂၅%) စသည်ဖြင့် လျာထားခဲ့ပြီး ကျန်လုပ်ငန်းများအားလုံးကို ယခု ၂၀၁၈ ခုနှစ်၊ (၁)နှစ်ဘတ်ဂျက်တွင် ထပ်မံထည့်သွင်း လျာထား ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ်(၃၉.၂)သိန်းဖြင့် ပြင်ဆင်ဆောက်လုပ်ခဲ့တာ ရှိပါတယ်။ အဆိုပါကျောင်းမှာ ကျောင်းသား၊ ကျောင်းသူဦးရေဖြင့် မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၁၅၇)ဦး၊ အလယ်တန်း အဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၁၁၁)ဦး၊ စုစုပေါင်း(၂၆၈)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တွီကင်းဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသည် ၁၉၅၄

ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့သော (၄၈ x ၂၄)ပေ တစ်ထပ်ဆောင်မှာ ဟောင်းနွမ်းနေပြီဖြစ်ပြီး ကိုယ်စားလှယ်တော်ကြီး တောင်းခံတင်ပြတဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျပြီး နှစ်စဉ် စည်ပင်သာယာ အခွန်ငွေကောက်ခံရရှိမှု အလွန်နည်းပါးသည့် မြို့ငယ်လေးများအတွက် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရရန်ပုံငွေမှဖြစ်စေ၊ နှစ်စဉ် သီးခြားထောက်ပံ့ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျပြီး နှစ်စဉ် စည်ပင်သာယာ အခွန်ငွေကောက်ခံရရှိမှု အလွန်နည်းပါးသည့် မြို့ငယ်လေးများအတွက် မြို့ပြဖွံ့ဖြိုးမှု လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရန်ပုံငွေမှဖြစ်စေ၊ နှစ်စဉ်သီးခြားထောက်ပံ့ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။

ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ မြို့နယ်ပေါင်း(၃၃၀)ရှိသည့်အနက် နှစ်စဉ်စည်ပင်သာယာအခွန်ငွေ ကောက်ခံရရှိမှု အလွန်နည်းပါးတဲ့ မြို့ငယ်လေးများအတွက် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေမှဖြစ်စေ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရန်ပုံငွေမှဖြစ်စေ နှစ်စဉ်သီးခြားထောက်ပံ့ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံအတွင်းမှာ မြို့နယ်ပေါင်း(၃၃၀) ရှိသည့်အနက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များ၊ ခရိုင်မြို့ကြီးများမှာတော့ မြို့နယ်စည်ပင်သာယာရေးအခွန်ငွေ နှစ်စဉ် သိန်းထောင်နှင့်ချီ ကောက်ခံရရှိတဲ့ မြို့နယ်များဟာ မြို့ပြဖွံ့ဖြိုးရေးတိုးတက်မှုအတွက် နှစ်စဉ်ကောက်ခံရရှိတဲ့ စည်ပင် သာယာအခွန်ငွေတွေနှင့် မြို့ပြဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့် ဆောင်ရွက်လုပ်ကိုင်လျက်ရှိတာကို တွေ့ရှိ ရပါတယ်။

သို့ပါသော်လည်း မိမိရဲ့မဲဆန္ဒနယ်ဖြစ်ကြတဲ့ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်များ အပါအဝင် မြို့ပြဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ မြို့ငယ်လေးများ များစွာကျန်ရှိနေလျက်ရှိပြီး စည်ပင် သာယာအခွန်ငွေဆိုတာကလည်း ကျပ်သိန်း(၁၀၀၀)အောက်ရရှိတဲ့ မြို့ငယ်လေးများဖြစ်ကြပါတယ်။ အဲဒီလို စည်ပင်သာယာအခွန်ငွေ ကျပ်သိန်း(၁၀၀၀)အောက်ရရှိတဲ့အတွက် စည်ပင်သာယာကော်မတီ များကို ပေးဆောင်ရတဲ့လစာ၊ ဌာနဝန်ထမ်းများ လစာများအပါအဝင် မြို့တွင်းလမ်းများ အသစ် တည်ဆောက်ခြင်း၊ ကွန်ကရစ်လမ်းများခင်းခြင်း၊ Platform များတည်ဆောက်ခြင်း၊ တံတားငယ်များ၊ ရေမြောင်းများ၊ Box Culvert များတည်ဆောက်ခြင်း၊ မိလ္လာသန့်ရှင်းရေးလုပ်ငန်း၊ အမှိုက်သိမ်း လုပ်ငန်း၊ ရေဆိုး၊ ရေညစ်ထုတ်လုပ်ငန်းများ၊ မြို့ရေပေးဝေရေး လုပ်ငန်းများ၊ လမ်းမီးတိုင်ထွန်းညှိခြင်း လုပ်ငန်း၊ အရိပ်ရသစ်ပင်နှင့် အလှသစ်ပင်များ စိုက်ပျိုးရေးလုပ်ငန်းစတဲ့ မြို့ပြဖွံ့ဖြိုးမှုစည်ပင်သာယာရေး လုပ်ငန်းများသည် နှစ်စဉ်ကောက်ခံရရှိတဲ့ စည်ပင်သာယာအခွန်ငွေများအပေါ်၌သာ အခြေခံပြီးတော့မှ ဆောင်ရွက်လုပ်ကိုင်နေရတဲ့အတွက် လုပ်ငန်းနှင့်ငွေကြေး မမျှတမှုများ၊ နှစ်စဉ်ကြုံတွေ့နေရသည့် အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အချိန်နှင့်တစ်ပြေးညီ မဆောင်ရွက်နိုင်တာကို သတိထားမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်များအတွင်းရှိ ကျေးရွာများအနေနဲ့ကတော့ ကျေးလက်ဦးစီးဌာန ရန်ပုံငွေ၊ (န.တ.လ)ဦးစီးဌာနရန်ပုံငွေ၊ မြစိမ်းရောင်ရန်ပုံငွေ၊ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ကျေးလက် လမ်းဦးစီးဌာနရန်ပုံငွေ၊ လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေ၊ JICA ရန်ပုံငွေစတဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေ အမျိုးမျိုး များနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လုပ်ကိုင်နိုင်ရန် အခွင့်အရေးအမျိုးမျိုးများ ရှိပါသော်လည်းပဲ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက်မူ စည်ပင်သာယာရေးဦးစီးဌာနက နှစ်စဉ်ကောက်ခံ ရရှိတဲ့ အခွန်ငွေများအပေါ်၌သာ အခြေပြုဆောင်ရွက်နေကြရပါတယ်။

ဒါကြောင့်မို့လို့ မြို့ပြငယ်လေးများအတွက် ဖွံ့ဖြိုးတိုးတက်စေဖို့ ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရရန်ပုံငွေမှဖြစ်စေ သီးခြားထောက်ပံ့ငွေများ ထောက်ပံ့ ပေးနိုင်မည်ဆိုပါက မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်ကာ အချိန်နှင့်တစ်ပြေးညီ စီမံကိန်းများချမှတ် ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ် စည်ပင်ဘဏ္ဍာအခွန်ငွေ ကောက်ခံရရှိမှုနည်းပါးတဲ့ မြို့ပြငယ်လေးများအတွက် ပြည်ထောင်စုအစိုးရရန်ပုံငွေမှဖြစ်စေ၊ တိုင်း ဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေမှဖြစ်စေ နှစ်စဉ်သီးခြား ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်အတွင်း နေထိုင်သူ ပြည်သူများမှာ နှစ်စဉ် နွေရာသီတွင် ညစ်ညမ်းနေသည့် ကျဉ်းမြောင်းသော ချောင်းထဲမှရေကို တစ်ရပ်ကွက်လုံး သုံးစွဲကြရပါသောကြောင့် များစွာ ဒုက္ခရောက်လျက်ရှိပါသဖြင့် ရေအခက်အခဲကို နည်းလမ်းရှာဖွေ ကူညီပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်အတွင်း နေထိုင်သူ ပြည်သူများမှာ နှစ်စဉ်နွေရာသီတွင် ညစ်ညမ်းနေသည့် ကျဉ်းမြောင်းသော ချောင်းထဲမှရေကို တစ်ရပ်ကွက်လုံး သုံးစွဲကြရပါသောကြောင့် များစွာ ဒုက္ခရောက်လျက်ရှိပါသဖြင့် ရေအခက်အခဲကို နည်းလမ်းရှာဖွေ ကူညီ ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီးတော့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

ကျွန်တော့်မဲဆန္ဒနယ်တစ်ခုဖြစ်တဲ့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အတွင်းမှာရှိတဲ့ ရှမ်းတဲကြီး ရပ်ကွက်နေ ပြည်သူများဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်က ကျွန်တော်တို့ ပေ(၁၀၀၀)ခန့်ရှိတဲ့ ရေတွင်းများ အကြိမ်ကြိမ်တူးဖော်ခဲ့ကြသော်လည်း ရေမရရှိခဲ့ကြပါဘူး။ ဒါကြောင့်မို့လို့ တစ်နှစ်ပတ်လုံး သောက်ရန်အတွက်ရေကို ရေသန့်များဝယ်ယူသောက်နေကြရပြီး သုံးရေကိုတော့ အခုလိုမိုးရာသီမှာ ရပ်ကွက်အတွင်းရှိရေကန်မှာ ရေပြည့်နေတဲ့အတွက် ရေမော်တာများနှင့် စုပ်ယူသုံးစွဲနိုင်ကြသော်လည်း နွေရာသီရောက်ရင် ရေကန်ကလုံးဝရေခမ်းသွားပါတယ်။ ဒါ့ကြောင့်ရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းနေတဲ့ ချောင်းထဲကရေကို စက်တွေနှင့်စုပ်ပြီး ရေကန်ထဲကိုဖြည့်ရပါတယ်။ ပြီးမှ ရေကန်ထဲကတစ်ဆင့် ရေတွေကို ကျွန်တော်တို့ အိမ်တွေကို စုပ်ယူပြီးသုံးကြရလေ့ရှိပါတယ်။

ရပ်ကွက်ထဲက ချောင်းကလေးဟာ ကျဉ်းသထက်ကျဉ်းလာတဲ့အပြင် ချောင်းစပ်မှာရှိတဲ့အိမ်များဟာ အိမ်သာများကို ချောင်းနှုတ်ခမ်းမှာ ဆောက်လုပ်သုံးစွဲနေတဲ့အတွက် နွေရာသီရောက်တိုင်း ချောင်းရေကလည်းခမ်း၊ အညစ်အကြေးများ စွန့်ပစ်မှုများကြောင့် ရေများဟာလည်း ညစ်ညမ်းနေ အဲဒီလိုဖြစ်နေသော်လည်း ရေလိုအပ်ချက် ကြီးမားနေမှုကြောင့် ညစ်ညမ်းနေတဲ့ ချောင်းရေတွေကိုပဲ ကန်ထဲကိုထည့်ပြီး အနည်တောင်မထိုင်ခင် အပြိုင်အဆိုင်မစောင့်ဆိုင်းနိုင်ကြတော့ဘဲ အလုအယက် စုပ်ယူသုံးစွဲနေကြရပါတယ်။ အင်မတန်မှလည်း ညစ်ညမ်းနေမှန်းသိလျက် အင်မတန်မှလည်း ရေရှားပါးနေတဲ့အတွက် ရွေးချယ်စရာမရှိဘဲ မလွှဲမရှောင်သာ သုံးစွဲနေရတဲ့အတွက် နှစ်စဉ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ခံစားနေကြရသလို ကျန်းမာရေးအတွက်လည်း တစ်ရပ်ကွက်လုံး စိုးရိမ်ဖွယ်ရာအခြေအနေမျိုးကို ရင်ဆိုင်နေကြရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်အတွင်းနေ ပြည်သူများ များစွာ ဒုက္ခရောက်လျက်ရှိတဲ့ ရေဒုက္ခအခက်အခဲများကို နည်းလမ်းရှာဖွေကူညီပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးအောင်မြင့်ထွန်း (နေပြည်တော်ကောင်စီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုယ်စား ဖြေကြားပေးရမယ့် နေပြည်တော်ကော်စီဝင် ဦးအောင်မြင့်ထွန်း ဖြစ်ပါတယ်။

အဲဒီတော့ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့မေးခွန်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ရန်ပုံငွေမှဖြစ်စေ နှစ်စဉ် သီးခြားထောက်ပံ့ပေး သွားရန် အစီအစဉ်ရှိ/မရှိလို့ ဘတ်ဂျက်နဲ့ပတ်သက်ပြီး မေးမြန်းတယ်လို့ ကျွန်တော် နားလည်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့အတိုင်းပဲ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသာယာလှပတဲ့ မြို့တွေဖြစ်အောင်၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်တဲ့ မြို့တွေဖြစ်အောင် မြို့၊ ရွာအလိုက် မြို့ပြ၊ လမ်းတံတား၊ ရေပေးဝေရေးနှင့် မြို့သန့်ရှင်းရေး၊ သာယာလှပရေးလုပ်ငန်းတွေကို စည်ပင်သာယာရန်ပုံငွေနှင့် နှစ်စဉ်ဘတ်ဂျက် ရေးဆွဲပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။

အဲဒီတော့ နှစ်စဉ် စည်ပင်သာယာအခွန်ငွေကောက်ခံမှု အလွန်နည်းပါးတဲ့ မြို့ငယ်တွေ အတွက် မြို့ပြဖွံ့ဖြိုးမှုများ အရှိန်အဟုန်နဲ့ ဆောင်ရွက်လုပ်ကိုင်နိုင်ဖို့ရာအတွက် စည်ပင်သာယာရေး အဖွဲ့ ရန်ပုံငွေသာမကဘဲနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့လည်း မြို့များအရှိန်အဟုန်နှင့် တိုးတက်ဖွံ့ဖြိုးနိုင်ရေးအတွက် ရန်ပုံငွေများ လျာထားထောက်ပံ့ပေးလျက်ရှိနေ ပါတယ်။ အဲဒီတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၅ အရ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ လျာထားချက်များကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးတော့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာဥပဒေ ဒါမှမဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ မိမိတိုင်းဒေသကြီး၊ ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာငွေမှရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးချုပ်ကထောက်ခံပြီးတော့ လွှတ်တော်ကို တင်ပြပြီး အတည်ပြုချက်ရယူကာ ထောက်ပံ့ပေးတဲ့နည်းလမ်းနဲ့ ဆောင်ရွက်နိုင်တယ်ဆိုတာလည်း

ဖော်ပြထားပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ကနေပြီးတော့ ကျွန်တော်တို့ဆီကို ဖြေကြားထားတဲ့ဟာလေး တင်ပြပါရစေ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးကတော့ စည်ပင်သာယာ ရငွေများအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ပုံငွေများကို ခွဲဝေထောက်ပံ့ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ နာဂဒေသအပါအဝင် မြို့နယ်(၂၉)မြို့နယ်သို့ အမှိုက်သိမ်းယာဉ်(၁၇)စီး၊ မြေတူးစက်(၂)စီး၊ လုပ်ငန်းရပ်ပေါင်း(၇၈)ရပ်ကို ကျပ်(၁၇၆၀.၆)သန်းနှင့် ထောက်ပံ့ပြီးတော့ ဆောင်ရွက်စေခဲ့ပါတယ်။ အဲလိုပါပဲ။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်းပဲ အမှိုက်သိမ်း ယာဉ်အစီး(၂၁)စီး၊ ရေပုပ်စုပ်ယာဉ်(၁၁)စီး၊ အမှိုက်ကန်(၆)လုံး၊ ဘိလပ်မြေအိတ်(၁၂၉၄၀၉)အိတ်၊ နောက်မြို့နယ်(၃၀)မှာ မြို့နယ်လုပ်ငန်းပေါင်း(၇၁)ခု စုစုပေါင်းကျပ်ငွေ(၂၆၃၉.၂၄၆)သန်း ထောက်ပံ့ ပေးလျက်ရှိပါတယ်။

ဆက်လက်ပြီးတော့ အခွန်ငွေကောက်ခံရရှိမှုနည်းပါးတဲ့ မြို့ငယ်လေးများအတွက် မြို့ပြ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ဖို့ရာအတွက် မြို့နယ်အလိုက် စီမံခန့်ခွဲရေး ဘဏ္ဍာငွေ ခွဲဝေပေးမှာဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားပါတယ်။ အဲဒီတော့ ပြည်ထောင်စုအစိုးရရန်ပုံငွေကနေ သီးခြားထောက်ပံ့ဖို့ဆိုတာကတော့ ကိုယ်စားလှယ်တော်ကြီးတို့၊ ကျွန်တော်တို့ သိရှိပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ရဲ့ ပုဒ်မ ၁၈၈၊ ဇယား(၂)အရသော် လည်းကောင်း၊ ပုဒ်မ ၉၆၊ ဇယား(၁)အရသော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့မှာ စည်ပင် သာယာနဲ့ပတ်သက်တဲ့ ဝန်ကြီးဌာနမရှိတဲ့အတွက် နောက်တစ်ခါ ဇယား(၂)အရ စည်ပင် သာယာရေး ကိစ္စရပ်များဟာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကိုသာ အပ်နှင်းထားပြီးဖြစ်တဲ့အတွက် သီးခြား ရန်ပုံငွေ ထောက်ပံ့ပေးနိုင်ခြင်းမရှိပါကြောင်း နာယကကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည် ရှင်းလင်း တင်ပြ ဖြေကြားအပ်ပါတယ်ခင်ဗျား။

နံပါတ်(၂)အနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ ကိုယ်စား ကျွန်တော်ကပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဟာ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ် မြောက်ပိုင်း၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်များနဲ့ သီလဝါအထူးစီးပွားရေးဇုန်တို့ ရေပေးဝေဖို့ရာအတွက် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ပြီး ဆောင်ရွက်နေပါတယ်။

အဲဒီ စီမံကိန်းပြီးလို့ရှိရင်တော့ သီလဝါအထူးစီးပွားရေးဇုန်သို့ တစ်နေ့ရေဂါလံ(၁၀)သန်းနဲ့ ဒဂုံမြို့သစ် (၄)မြို့နယ်သို့ တစ်နေ့လျှင် ရေဂါလံသန်း(၃၀)၊ စုစုပေါင်း တစ်နေ့လျှင် ရေဂါလံသန်း(၄၀) ပေးဝေနိုင်မည်ဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းများအနက် ရေသန့်စင်စက်ရုံ တည်ဆောက်မှုလုပ်ငန်း ဟာ (၉၈)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ အဲဒီတော့ ရေပို့ပိုက်လိုင်း ဆက်သွယ်မှုလုပ်ငန်းတွေ ရေဖြန့် ပိုက်များနှင့် ရေတွန်းစက်ရုံများ တည်ဆောက်မှုလုပ်ငန်းများကို ဂျပန်နိုင်ငံအစိုးရရဲ့ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအားဖြင့်တော့ (၁၅%)ခန့်ပြီးစီးပြီလို့ ဆိုပါတယ်။ အဲဒီလုပ်ငန်းတွေ အားလုံးဆောင်ရွက်မှုဟာ ၂၀၂၁ ခုနှစ်မှာ အားလုံးပြီးစီးပြီး ရေပေးဝေနိုင်ဖို့ရာ၊ စီမံခန့်ခွဲဖို့ရာ စီမံ

ခန့်မှန်းထားတယ်လို့ သိရှိရပါတယ်။ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်မှာရှိတဲ့ ရှမ်းတဲကြီးရပ်ကွက်သို့ ရေပေးဝေရေးအတွက် စီမံကိန်းနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လဂွန်းပြင် စီမံကိန်းပြီးစီးသည့်အချိန်၌ ရေပေးဝေမည်ဖြစ်ပါကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြ ဖြေရှင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဟုတ်ကဲ့။ လေးစား ရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ကော်မတီမှ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်ခင်ဗျား။

ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပြီးခဲ့တဲ့ ၂၁-၈-၂၀၁၈ ရက်နေ့က ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့တဲ့ တံတားကြီးများဥပဒေနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များနှင့် အသစ်ဖြည့်စွက် ချက်များအပေါ်မှာ ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် ကြိုတင် တောင်းခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးအနေနဲ့ အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ အခန်းမှာပါရှိတဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(တ)မှာ ပါရှိတဲ့ အဓိပ္ပာယ်ဖော်ပြချက်ဖြစ်တဲ့ တံတားကြီးနယ်နိမိတ် ဆိုသည်မှာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ်မှာ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ တံတားကြီးနယ်နိမိတ် သတ်မှတ်ရခြင်းရဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့ တံတားကြီးအသစ်တည်ဆောက်ဖို့နှင့် ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူများအနေနှင့် တံတားကြီးနယ်နိမိတ်ကို သတ်မှတ်ဖော်ပြကြရပါတယ်။ အဲဒီလို သတ်မှတ်ရခြင်းဟာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရတဲ့အခါမှာ တံတားကြီးလုံခြုံ စိတ်ချရဖို့၊ အများပြည်သူ ဘေးအန္တရာယ်ကင်းစေဖို့နှင့် မော်တော်ယာဉ်၊ မော်တော်ရေယာဉ်များ၊ သင်္ဘောများ အန္တရာယ်မဖြစ်စေဖို့အတွက် သတ်မှတ်ရခြင်းဖြစ်ပါတယ်။

အဲဒီလို နယ်နိမိတ်သတ်မှတ်ရာမှာ အများပြည်သူသိရှိစေဖို့အတွက်သာမက နယ်နိမိတ် သတ်မှတ်ချက်ကို အများပြည်သူ မြင်သာဖို့လည်း လိုအပ်မှာဖြစ်တဲ့အတွက် အများပြည်သူ သိသာ

မြင်သာစေရန်အတွက် တာဝန်ရှိသူများအနေနှင့် ထင်ရှားတဲ့အမှတ်အသားတွေနဲ့ ကုန်းနယ်နိမိတ်၊ ရေနယ်နိမိတ်များကို ဖော်ပြသတ်မှတ်ကြရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ Power Point မှာ ဖော်ပြထားတဲ့အတိုင်း တံတားကြီးနယ်နိမိတ်ဆိုသည်မှာ တံတားကြီးအသစ်တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူ သိသာမြင်သာသည့်နေရာတွင် ထင်ရှားသည့် အမှတ်အသားတစ်ခုခုဖြင့် ဖော်ပြသတ်မှတ်ထားသည့် ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်ကိုဆိုလိုသည်လို့ ပြင်ဆင်လိုပါတယ်ခင်ဗျား။

ဒုတိယအနေနဲ့ ပြင်ဆင်မှာကတော့ အခန်း(၁)၊ အဓိပ္ပာယ်၊ အမည်နှင့် ဖော်ပြချက်မှာပါရှိတဲ့ သဘာဝဘေးအန္တရာယ်ဆိုတဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက် အပေါ်မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ကျွန်တော်တို့ သဘာဝအလျောက် ဖြစ်စေဆိုတဲ့ အရာကိုသာ အကျုံးဝင်စေပြီးတော့မှ လူတို့ရဲ့ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာတဲ့ကိစ္စရပ်တွေ၊ လက်နက်ကိုင်သောင်းကျန်းမှုကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ ကိစ္စရပ်တွေဟာ ကျွန်တော်တို့ သဘာဝဘေးအန္တရာယ်နဲ့ မသက်ဆိုင်တော့တဲ့အတွက် အားလုံးပါဝင် သက်ဆိုင်သွားနေဖို့အတွက် သဘာဝဘေးအန္တရာယ်ဆိုသည်မှာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ရဲ့နေရာမှာ ဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ ပေါ်ပေါက်ဖြစ်ပွားခဲ့ရသည့် မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ် ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်းများအပါအဝင် အကြမ်းဖက်ခြင်း၊ ဖျက်စီးခြင်းနှင့် လက်နက်ကိုင် အကြမ်းဖက်မှု ဖြစ်ပွား ခြင်းတို့ကို ဆိုလိုပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက သုံးနှုန်းထားတဲ့ လက်နက်ကိုင်သောင်းကျန်းမှု၊ သောင်းကျန်းမှုဆိုတဲ့နေရာမှာ ယနေ့ခေတ်အသုံးအနှုန်းမှာ သောင်းကျန်းမှုဆိုတဲ့ အသုံးအနှုန်းဟာ မသုံးတော့တဲ့အတွက် ကျွန်တော်တို့ အဲဒီနေရာမှာ အကြမ်းဖက် ခြင်းဆိုတဲ့နေရာနဲ့ အစားထိုးပြင်ဆင်ထားတာ ဖြစ်ပါတယ်ခင်ဗျား။

နောက်ဆုံးအနေနဲ့ကတော့ ကျွန်တော်တို့ ဦးစီးဌာနရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၄) မှာပါရှိတဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်တဲ့ တံတားကြီးနယ်နိမိတ်ကို အများပြည်သူ သိသာထင်ရှားသောနေရာတွင် အခိုင်အမာစိုက်ထူခြင်း ဆိုတဲ့ အသစ်ဖြည့်စွက်ချက်ဟာ အသစ်ဖြည့်စွက်ရန်မလိုအပ်ဘူးလို့ ယူဆပါတယ်။ ဘာကြောင့်မို့လဲဆိုတော့ ကျွန်တော်တို့ မူလအဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ အခန်း(၄)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)မှာပါရှိတဲ့ တံတားကြီး နယ်နိမိတ်အတွင်းနှင့် တံတားကြီးများအပေါ်တွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက် ခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်ဟာ ကျွန်တော်တို့ တံတားကြီးလုံခြုံစိတ်ချစေဖို့၊ အများပြည်သူ ဘေးအန္တရာယ် ကင်းစေဖို့၊ တံတားကြီးအောက်မှာ သွားလာနေတဲ့ မော်တော်ယာဉ်တွေ၊ တံတားကြီးပေါ်မှာ သွားလာ နေတဲ့ မော်တော်ကားတွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့အတွက် ဘေးအန္တရာယ်ကင်းရှင်းမှု အစီအမံတွေ ဆောင်ရွက်ရတဲ့ဟာပေါ်မှာ အဆိုပြုပြဋ္ဌာန်းချက်မှာ ခြုံငုံပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် အခိုင်အမာ

စိုက်ထူခြင်းဆိုတဲ့ ဆိုင်းဘုတ်စိုက်ထူခြင်းကိစ္စရပ်ကိုတော့ အသစ်ဖြည့်စွက်ချက်ဟာ မလိုအပ်ဘူးလို့ ယူဆတဲ့အတွက် ပယ်ဖျက်လိုပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ရဲ့ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီဝင် စောမိုးမြင့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ သတ္တုတွင်းနည်းဥပဒေနှင့်ပတ်သက်ပြီး အချက်(၆)ချက် ဆွေးနွေးမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ပထမအချက်အနေနဲ့ နည်းဥပဒေ ၁၂(က)(၁)အရ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ဖို့ ခွင့်ပြုတဲ့ဧရိယာသည် (၁)စတုရန်းကီလိုမီတာမှ (၂၁၀၀)စတုရန်း ကီလိုမီတာ ဧကအားဖြင့် (၅၀၀၀၀၀)ကျော်ဖြစ်နေတဲ့အတွက် ဒါ အမှန်လိုအပ်တဲ့ မြေဧရိယာထက် များစွာ များပြားနေတဲ့အတွက် ဒီ ခွင့်ပြုချက်ကို (၂၅၀)စတုရန်းကီလိုမီတာ (၆၁၇၇၅)ဧကအထိသာ ခွင့်ပြုပြင်ဆင်သင့်ပါကြောင်း ပထမအနေနဲ့ အဆိုပြုပါတယ်။

နည်းဥပဒေ အခန်း(၂၈) သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကာကွယ်ရန် အခန်း(၂၉) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ကို ဖော်ပြထားသော်လည်း ဓာတ်သတ္တုဆင်းသက်လုပ်ငန်းဖြစ်သော သတ္တုကျိုချက်သန့်စင်စက်ရုံ၊ သတ္တုတွင်းစက်ရုံများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆောင်ရန်/ရှောင်ရန် သတ်မှတ်ချက် မပါရှိသဖြင့် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို ဒုတိယအချက်အနေနဲ့ ပြဋ္ဌာန်းရန် အကြံပြုတင်ပြ ပါတယ်။

နည်းဥပဒေ ၈(ဂ)၊ ၂၄(ဂ)၊ ၃၇(ဂ)၊ ၄၈(ဃ)၊ ၆၄(င)၊ ၈၂(က)တို့အရ ယှဉ်ပြိုင်မှု နည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်ဟု ဖော်ပြထားရာ ထိုသို့ စိစစ်ရွေးချယ်ရေးအတွက် ဘူမိဗေဒနှင့် ဓာတ်သတ္တု

ရှာဖွေရေးဦးစီးဌာနမှ ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို ရှာဖွေစမ်းသပ်ဆောင်ရွက်ခြင်း မြေပုံပြုစုခြင်းနှင့် အများပြည်သူတို့ကိုချပြ၊ ဝယ်ယူအသုံးပြုရေးကို စီစဉ်ရန်လိုအပ်ကြောင်းနှင့် နည်းဥပဒေလုပ်ငန်းတာဝန်ကို ထည့်သွင်းတာဝန်ပေးရန် တတိယအချက်အနေနဲ့ အကြံပြုပါတယ်။

နည်းဥပဒေ ၁၁၉(ဃ)တွင် ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိသူသည် ရှာဖွေရေးလုပ်ငန်းများပြီးမြောက်ပါက အစီရင်ခံစာနှင့်အတူ စမ်းသပ်တိုင်းတာခြင်း၊ ဆောင်ရွက်ခွင့်ပြုရန် အနည်းဆုံး(၃)လကြိုတင်လျှောက်ထားနိုင်သည်ဟုပါရှိပြီး ဘူမိဗေဒအစီရင်ခံစာ (Geological Report) နှင့်ပတ်သက်ပြီး ဖော်ပြထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ဓာတ်သတ္တု ရှာဖွေသည့်လုပ်ငန်းနှင့် ဘူမိဗေဒအချက်အလက်သည် အဓိကဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရှာဖွေခွင့်လုပ်ငန်းပြီးဆုံးပါက သက်ဆိုင်ရာရှာဖွေခွင့်ပြုခဲ့သည့်ဌာန၊ အဖွဲ့အစည်းသို့ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာ တင်ပြရာတွင် တွေ့ရှိသည့်ဘူမိဗေဒအချက်အလက်များပါ ပူးတွဲတင်ပြရန် နည်းဥပဒေခွဲ တစ်ခုဖြင့် ထပ်ထည့်သင့်ကြောင်း စတုတ္ထအချက်အနေနဲ့ အကြံပြုပါတယ်။

ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းဆိုသည်မှာ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်းပြုလုပ်ပြီးသော သတ္တုသိုက်တစ်ခုအား စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်း ရှိ/မရှိ ဆန်းစစ်လေ့လာခြင်းကို ဆိုပါသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်သည့်နည်းစဉ်၊ စမ်းသပ်ပြုပြင်ထုတ်လုပ်မည့်နည်းစဉ်၊ စီးပွားဖြစ်ထုတ်လုပ်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာငွေကြေးတွက်ချက်မှုများ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်၊ လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့်စနစ်များ ပါဝင်ရမည်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြည့်စွက်သင့်ပါကြောင်း ပဉ္စမအချက်အနေနဲ့ တင်ပြပါတယ်။

ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းသည် အလွန်ကျယ်ပြန့်ပြီး သတ္တုဓာတ်ပမာဏ၏ သေချာမှုအဆင့်မြင့်မားခြင်း၊ ထုတ်လုပ်မှုနည်းစဉ် ခိုင်မာစေရန် လိုအပ်ခြင်း၊ နည်းစဉ်အလိုက် ပြန်ရနိုင်စွမ်းမြင့်မားသော၊ သတ္တုသိုက်ပြုန်းတီးမှုမရှိသော၊ စီးပွားရေးအကျိုးအမြတ်ရရှိရန် သေချာသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ကြောင်း အကြံပြုပါသည်။ ဘာသာရပ်ပေါင်းစုံမှ ပညာရှင်၊ ကျွမ်းကျင်သူများပါဝင်သော ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီး စစ်ဆေးဆုံးဖြတ်မှ အမှန်ရရှိနိုင်ပါတယ်။ သို့ဖြစ်ပါ၍ နည်းဥပဒေ ၁၃၁ တွင် ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူက လျှောက်ထားလာလျှင် ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုကော်မတီသည် ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီတွင် တင်ပြခွင့်ပြုချက်ရယူပြီး နည်းဥပဒေ ၁၂၈ ပါ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်ပေးနိုင်သည်ဟု ဖြည့်စွက်သင့်ပါကြောင်း ဆဋ္ဌမအချက်အနေနဲ့ အကြံပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၄**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ရဲ့ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]